# လူသစ်အဖြစ် အသင်းတော်အတွက် ခရစ်တော်သည် အလုံးစုံဖြစ်ခြင်းနှင့် အလုံးစုံ၌ရှိတော်မူခြင်း

Message Five

## လူသစ်အဖြစ် အသင်းတော်အတွက် ခရစ်တော်သည် အလုံးစုံဖြစ်ခြင်းနှင့် အလုံးစုံ၌ရှိတော်မူခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၂း၁၄-၁၆။ ကော၊၁း၁၈။ ၂း၁၇။ ၃း၄၊ ၁၀-၁၁။ ၁ကော၊၁၂း၁၂။ ဗျာ၊၂၂း၁၇က

**I. လူသစ်သည် ဘုရားဆိုင်ရာဒြပ်သဘာဝအဖြစ် ခရစ်တော်၌ ဖန်ဆင်းခံရခြင်းဖြစ်သည် - အငယ်၊၁၅။**

A. ခရစ်တော်သည် လူသစ်တစ်ဦး၏ ဖန်ဆင်းရှင်ဖြစ်သည်။

B. ခရစ်တော်သည် လူသစ်တစ်ဦး ဖန်ဆင်းခံရသည့် အဝန်းအဝိုင်းနှင့် ဖန်ဆင်းခံရသည့် နည်းလမ်းဖြစ်သည်။

C. ခရစ်တော်သည် လူသစ်တစ်ဦး၏ဒြပ်သဘာဝဖြစ်ပြီး၊ ဘုရားသခင်၏ ဘုရားသဘောသဘာဝကို လူသားဇာတိနှင့် တစ်လုံးတစ်ဝဖြစ်စေသည်။

D. လူဟောင်း၏ အနှစ်သာရသည် အပြစ်ပြည့်ဝသည်၊ သို့သော် ခရစ်တော်၌ လူသစ်တစ်ဦး ဖန်ဆင်းခံရသည့် အံ့သြဖွယ်သော အနှစ်သာရ ရှိနေသည်။

**II. လူသစ်သည် ကားတိုင်ပေါ်ခရစ်တော်အသေခံတော်မူခြင်းမှတစ်ဆင့် ဖန်ဆင်းခံရသည် - အငယ်၊၁၅-၁၆။**

A. လူသစ်သည် ခရစ်တော်အားဖြင့် တန်ဆာပလာနှစ်မျိုးဖြင့် ဖန်ဆင်းခံရသည် - ယင်းတို့မှာ ရွေးနုတ်ခံရသော ဖန်ဆင်းခံလူ (ဂျူးလူမျိုးနှင့် တပါးအမျိုးသားများအပါအဝင်) နှင့် ဘုရားဆိုင်ရာ ဒြပ်သဘာဝတို့ဖြစ်သည်။ ကားတိုင်ပေါ်မှာ ခရစ်တော်သည် လူသစ်ကို ထုတ်လုပ်ရန် ဤတန်ဆာပလာနှစ်ခုကို အတူတကွ ထားရှိခဲ့သည်။

B. ရှေ့ဦးစွာ ကျွန်ုပ်တို့၏ဇာတိလူသည် ခရစ်တော်နှင့်အတူ ကားတိုင်မှာ အသေခံရပြီး၊ ထိုနောက် လူဟောင်းကို ဖြတ်တောက်လိုက်ခြင်းမှတစ်ဆင့် ခရစ်တော်သည် ဘုရားဆိုင်ရာဒြပ်သဘာဝကို ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းပေးကာ၊ ကျွန်ုပ်တို့ကို အသစ်သော ထုံးဖွဲ့မှုဖြစ်လာစေသည် - ရော၊၆း၆။ ၂ကော၊၅း၁၇။

1. ကားတိုင်ပေါ်အသေခံခြင်း၌ ခရစ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏အသွေးအသား၌ အဆုံးသတ်ပေးခဲ့သည်။ ထိုနောက် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့ကို လူသစ်တစ်ဦးအထဲသို့ ကိုယ်တော်၏ဘုရားဆိုင်ရာအနှစ်သာရဖြင့်ဖန်ဆင်းရန် မိမိကိုယ်တော်တိုင်အထဲသို့ ထားရှိပေးခဲ့သည်။
2. ဘုရားဆိုင်ရာအနှစ်သာ၌၊ ယင်းအားဖြင့်သာ ကျွန်ုပ်တို့သည် လူသစ်တစ်ဦးအထဲသို့ ဖန်ဆင်းခံရနိုင်ပေသည်။

**III. လူသစ်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် ဖြစ်သည် - ဧ၂း၁၆။ ၄း၁၂-၁၆။**

A. လူသစ်တစ်ဦးသည် ခရစ်တော်၏အသေခံခြင်း ဖန်ဆင်းခြင်းမှတစ်ဆင့် ဖန်ဆင်းခံရပြီး၊ ယင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း၌ ထုတ်လုပ်ခဲ့သော ကိုယ်ခန္ဓာတော်နှင့် ညီမျှသည်။ ထို့ကြောင့် *လူသစ်တစ်ဦး* နှင့် *ကိုယ်ခန္ဓာတော်* သည် ဆင်တူဝေါဟာရများဖြစ်ပြီး၊ အပြန်အလှန်ဖလှယ်၍ အသုံးပြုနိုင်ပေသည် - ၂း၁၅-၁၆။ ကော၊၂း၁၉။ ၃း၁၀-၁၁။

B. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ထာဝရအကြံအစည်တော် ပြီးမြောက်ပြည့်စုံခြင်းအတွက် လူသစ်တစ်ဦးဖြစ်သည် - ၁း၉၊ ၁၁။ ၃း၉။ ရော၊၈း၂၉။ ၂တိ၊၁း၉။ ဧ၂း၁၅-၁၆။ ၄း၂၂-၂၄။

**IV. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်ခြင်း ဖြစ်သည်။ ဘုရားသခင်၏အမြင်၌ ခရစ်တော်မှလွဲ၍ မည်သည့်အရာမျှ ရေတွက်မဝင်ပါ - မ၊၁၇း၅။ ကော၊၁း၁၈။ ၂း၂၊ ၁၇။ ၃း၄၊ ၁၀-၁၁။**

A. ဘုရားသခင်၏ရည်ရွယ်ချက်မှာ သားတော်ခရစ်တော်ကို ကိုယ်တော့်စီမံကိန်း၏ အလယ်ဗဟိုဖြစ်စေရန်နှင့် ယုံကြည်သူများထံ ကိုယ်တော်ကို အရာခပ်သိမ်းဖြစ်စေရန်လည်း ဖြစ်သည် - ၁း၁၈။ ၂း၁၇။

B. သခင်ဘုရားသည် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သောခရစ်တော် တည်းဟူသော မိမိကိုယ်တော်တိုင်ကို ယုံကြည်သူများအထဲသို့ သူတို့၏အသက်နှင့် သူတို့၏အရာခပ်သိမ်းအဖြစ် ဖြည့်သွင်းပေးကာ၊ သူတို့ကို လူသစ်တစ်ဦး တည်းဟူသော ကိုယ်တော်၏အသက်ရှင်သော ကိုယ်ခန္ဓာတော်ဖြစ်စေမည့် အရှင်ကို ပြန်လည်ရယူရန် ရှာဖွေနေသည် - ၁ကော၊၁၅း၄၅ခ။ ၂တိ၊၄း၂၂က။ ရော၊၁၂း၄-၅။ ဧ၂း၁၅။

**V. လူသစ်သည် ၎င်း၏ပါဝင်ထုံးဖွဲ့မှုအဖြစ် ယုံကြည်သူများရှိပြီး၊ ယင်းမှာ ခရစ်တော်ကိုယ်တိုင်နှင့် ခရစ်တော်ကို ရရှိသူများပင် ဖြစ်သည် - ကော၊၃း၁၀-၁၁။**

A. ယုံကြည်သူများသည် စုပေါင်းထားသော လူသစ်တစ်ဦး၏ အစိတ်အပိုင်းများ၊ ပါဝင်ထုံးဖွဲ့မှုများဖြစ်ရန် ခရစ်တော်နှင့်အတူ အားလုံးတစ်လုံးတစ်ဝဖြစ်ကြသည် - ဂလ၊၂း၂၀။ ဖိ၊၁း၁၉-၂၁က။

1. ယုံကြည်သူများသည် ဘုရားဆိုင်ရာ ဒြပ်သဘာဝရှိသောကြောင့် သူတို့သည် အသစ်သော ထုံးဖွဲ့မှုဖြစ်လာကြသည်။ ဤ အသစ်သော ထုံးဖွဲ့မှု၏ စုစုပေါင်းမှာ လူသစ်ဖြစ်သည်။
2. လူသစ်၏ ထုံးဖွဲ့ပါဝင်မှုဖြစ်သော ယုံကြည်သူများသည် ဘုရားနှင့်လူ ရောနှောပေါင်းစည်းခြင်း၊ လူသားဆိုင်ရာနှင့် ဘုရား ဆိုင်ရာ အသက်နှစ်ခုရှိခြင်း၊ အသက်တစ်ခုတည်းအဖြစ် အတူတကွ အသက်ရှင်ခြင်း ဖြစ်သည်။

B. လူသစ်၌ ကျွန်ုပ်တို့သည် ခရစ်တော်ဖြစ်ကြပြီး၊ ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှိသည် - ကော၊၃း၁၁။ ဖိ၊၁း၁၉-၂၁က။

1. လူသစ်သည် သန့်ရှင်းသူအားလုံး၌ရှိသော ခရစ်တော်ဖြစ်ပြီး၊ ဇာတိဆိုင်ရာခြားနားမှုအားလုံးဖယ်ရှားခံရပြီး၊ အယောက် တိုင်းသည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရသည့်တိုင်အောင် ကျွန်ုပ်တို့ကို စိမ့်ဝင်ပျံ့နှံ့ခြင်းနှင့် အစားထိုးခြင်း ပြုနေသည်။
2. အရာအားလုံးပါဝင်သောခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ အသက်ဆိုင်ရာ ယူဆောင်ခံရမည်ဖြစ်ပြီး၊ ယင်းမှာ ကိုယ် တော်သည် ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်းကို မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးသည့်တိုင်အောင် ဖြစ်သည် - ဧ၊၃း၁၇က။ ဂလ၊၄း၁၉။
3. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်နှင့် ပုဂ္ဂိုလ်အဖြစ် ယူဆောင်၍၊ ကိုယ်တော်နှင့်အတူတကွ အသက်ရှင် ကြသောအခါ၊ ကျွန်ုပ်တို့ အတွင်းနက်နဲရာ၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ကြောင်း၊ ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်ကြောင်း အာရုံခံစားကြမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အလိုအလျောက်ပင် ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှိခြင်းကိုလည်း အာရုံခံစားကြမည်ဖြစ်သည်။

C. လူသစ်၌ ခရစ်တော်သည် အလုံးစုံဖြစ်၍၊ အလုံးစုံတို့၌ ရှိတော်မူသည် - ကော၊၃း၁၀-၁၁။

1. လူသစ်၌ ခရစ်တော်သည် အလုံးစုံဖြစ်သည်။ အမှန်စင်စစ်၊ ခရစ်တော်သည် လူသစ်တည်းဟူသော ကိုယ်တော်၏ကိုယ် ခန္ဓာတော်ဖြစ်သည် - ၁ကော၊၁၂း၁၂။
2. လူသစ်၌ ခရစ်တော်သည် အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်သည်။
   a. လူသစ်တစ်ဦး၌ ဇာတိဆိုင်ရာပုဂ္ဂိုလ်မရှိပါ၊ မည်သည့် ဇာတိဆိုင်ရာပုဂ္ဂိုလ်အဖို့ ဖြစ်နေချေမရှိ၊ အခန်းမရှိပါ - ကော၊ ၃း၁၁။
   b. မတူညီသော လူအမျိုးမျိုးတို့က လူသစ်တစ်ဦးကို ဖြစ်တည်စေခြင်းဖြစ်သော်လည်း၊ အားလုံးတို့သည် ခရစ်တော် ၏ အစိတ်အပိုင်းပင် ဖြစ်ကြသည်။
   c. လူသစ်တစ်ဦး၌ ပုဂ္ဂိုလ်တစ်ဦးတည်း - အရာအားလုံးပါဝင်သော ခရစ်တော်သာ ရှိသည် - ၂း၁၇။ ၃း၄၊ ၁၁။
   d. လူသစ်တစ်ဦးသည် ခရစ်တော်ပင်ဖြစ်သည် - ခရစ်တော်သည် ပျံ့နှံ့ခြင်းနှင့် ခရစ်တော်သည် ကြီးမားကျယ်ပြန့်ခြင်း ဖြစ်သည်။
3. ခရစ်တော်သည် လူသစ်၏ အင်္ဂါဝင်များအားလုံးဖြစ်သောကြောင့် လူသစ်၌ မည်သည့်မျိုးနွယ်၊ နိုင်ငံသား၊ ယဉ်ကျေးမှု သို့မဟုတ် လူမှုအဆင့်အတန်းအဖို့မျှ အခန်းမရှိပါ - အငယ်၊၁၁။

**VI. လူသစ်သည် စုပေါင်းထားသော ခရစ်တော်ဖြစ်သည် - ၁ကော၊၁၂း၁၂။**

A. ခရစ်တော်ကိုယ်တော်တိုင်သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်ဖြစ်သည်၊ သို့သော် လူသစ်အဖြစ် အသင်းတော်သည် စုပေါင်း ထားသော ခရစ်တော်၊ ကြီးမားကျယ်ပြန့်၍ ပျံ့နှံ့ခဲ့သော ခရစ်တော်ဖြစ်သည်။

1. ဇဝ်ဂေလိစာစောင် လေးစောင်က အံ့သြဖွယ်ပုဂ္ဂိုလ် - တစ်ဦးချင်းဆိုင်ရာခရစ်တော်၊ အရာအားလုံးပါဝင်သော၊ များစွာ

သောသွင်ပြင်များရှိသောအရှင်ကို ဖွင့်ပြထားသည် - မ၊ား၁၆။ ၁၆း၁၆။

2. တမန်တော်ဝတ္ထုက ဤအံ့သြဖွယ်ပုဂ္ဂိုလ်တော်သည် စုပေါင်းထားသော ခရစ်တော်ဖြစ်လာရန် ပျံ့နှံ့ခြင်း၊ တိုးပွားခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်းကို ပြသထားသည်။
3. ဩဝါဒစာစောင်များ၌ တစ်ဦးချင်းဆိုင်ရာခရစ်တော်သည် မည်သို့ဖြင့် စုပေါင်းထားသော ခရစ်တော်ဖြစ်လာနိုင်ကြောင်း ကျွန်ုပ်တို့ထံ ရှင်းပြထားသည် - ဂလ၊၂း၂၀။ ၂ကော၊၃း၁၈။
4. ဗျာဒိတ်ကျမ်းက လူသစ်တည်းဟူသော စုပေါင်းထားသောလူ၏ အဆုံးစွန်သောရလဒ်မှာ ဘုရားသခင်၏ပြည့်စုံသော၊ ထာဝရဖြစ်သော ထင်ရှားခြင်းအဖြစ် ထာဝရအနာဂတ်ကာလ၌ ယေရုရှလင်မြို့သစ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ပြသထားသည် - ၂၁း၂။ ၂၂း၁၇က။

B. စုပေါင်းထားသောခရစ်တော်သည် လူသစ်၏ စေ့စပ်ထုံးဖွဲ့မှုအားလုံး၊ အင်္ဂါဝင်များအားလုံး၌ ရှိတော်မူသည်။
   1. ဘုရား-လူများ၏ စုစုပေါင်းအဖြစ် လူသစ်သည် စုပေါင်းထားသော ခရစ်တော်ဖြစ်လာသည်။
   2. ဘုရား-လူများသည် လူသစ်ကို စေ့စပ်ထုံးဖွဲ့ပြီး၊ လူသစ်သည် စုပေါင်းထားသောခရစ်တော်ဖြစ်သည်။

**VII. "ညီအစ်ကိုညီအစ်မတို့၊ ဤခေတ်၏ နောက်ဆုံးနေ့ရက်များ၌ သခင်ဘုရားသည် ပြန်ကြွလာခြင်းမတိုင်မီတွင် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်နှင့် လူသစ်ကို မြင်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာအဆုံးသို့ ရောက်လာသောအခါ ဗျာဒိတ် ၂၂ ၌ ဝိညာဉ်တော်နှင့် သတို့သမီးသည် ပေါ်လာကြောင်း မြင်ရသည်။ လူသစ်၏ အဆုံး၌ သတို့သမီးရှိသည်။ ခရစ်တော်၌ အသင်းတော်၏တွေ့ကြုံခံစားမှုသည် ဤအဆင့်သို့ အတိအကျ ရောက်ရှိရမည်ဖြစ်သည်။ ပထမဦးစွာ ၎င်းသည် ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ထိုနောက် လူသစ်ဖြစ်ကာ၊ နောက်ဆုံးတွင် သတို့သမီး ဖြစ်သည်" -** ***CWWL 1977, Vol. 3 'One Body, One Spirit, and One New Man' Chapter 5.***

*© Living Stream Ministry*